သက်ငယ်မုဒိမ်းကြုံတွေ့ခံစားခဲ့ရသူကလေးငယ်များအတွက် "ဘဝလုံခြုံမှုနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှု စီမံချက် ပိုမိုမြှင့်တင်ပေးရန်"

## အမျိုးသမီးနှင့် တရားမျှတမှု

# နစ်နာသူ သမီးတို့ ဘဝကို စာနာပေးပါ။

Thamardi Foundation

For Children and Women

၂၀၁၉

# အနှစ်ချုပ်

မုဒိမ်းမှုကို ကြုံတွေ့ခံစားခဲ့ရသောသူများ အထူးသဖြင့် ကလေးငယ်များသည်ဘက်ပေါင်းစုံမှ အထောက်အပံ့ပေးနိုင်သော စီမံချက်တစ်ရပ်ကို အရေးတကြီးလိုအပ်နေပါသည်။ အထောက်အပံ့များသည် ထိုနစ်နာခဲ့သူများနှင့် ပြစ်မှုကျူးလွန်သူများ နှစ်ဖက်စလုံးအတွက် လိုအပ်နေ၍ ၎င်းအထောက်အပံ့များအား ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် ကျယ်ပြန့်စွာလုပ်ဆောင်ပေးရန်လည်း အထူးလိုအပ်နေပါသည်။ အထူးသဖြင့် မုဒိမ်းကျင့်ခံရသူကလေးငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ကုစားပေးနိုင်သည့် အကူအညီများ၊ သူတို့ဘဝအတွက် ပြန်လည်နာလန်ထူလာနိုင်စေရန်နှင့် ဘဝလုံခြုံမှုအတွက် နေရာချထားပေးရေး၊ ယင်းကဲ့သို့သော ဝန်ဆောင်မှုမျိုးလိုအပ်နေခြင်းဖြစ်သည်။ တစ်နေ့လုပ်တစ်နေ့စား နေထိုင်ရသော အခြေခံလူတန်းစားများအတွက် တရားရုံးတွင် တရားရင်ဆိုင်နိုင်ရန်မှာ အလွန်အလှမ်းဝေးနေပါသည်။ ထိုသို့ရောက်ရှိခဲ့ပါသော်လည်း ဥပဒေဆိုင်ရာအကူအညီများ လုံလောက်စွာမရရှိခဲ့ခြင်း၊ နစ်နာသူ ကလေးငယ်ဘဝနှင့်သူ့ရဲ့မိသားစု၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားမှု မရှိခြင်းနှင့် လိုအပ်သည့် သတင်းအချက်အလက်များ အပြည့်အဝ မရရှိနိုင်ခဲ့ခြင်းကို ကြုံတွေ့နေရပါသည်။

မုဒိမ်းကျင့်ခံရသူကလေးငယ်များမှာ ကျောင်းနေသည့်အရွယ်ဖြစ်၍ သူတို့မုဒိမ်းကျင့်ခံရပြီးနောက် ကျောင်းအုပ်ဆရာ/ ဆရာမများမှ နစ်နာသူကလေးငယ်ဘဝများကို စာနာမှုမရှိဘဲ ကျောင်းကနေထုတ်ပယ်ခြင်းကဲ့သို့ နစ်နာသူကလေးငယ်များပေါ် အပြစ်ပုံချခြင်းမျိုး ဖြစ်နေခဲ့၍ ထိုကလေးငယ်များ၏ဘဝအတွက် ပြန်လည်နာလန်ထူနိုင်စေရန်အတွက် အဓိကကြုံတွေ့နေရသောစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ မုဒိမ်းကျင့်ခံရသူကလေးငယ်များအပေါ် ခွဲခြားဆက်ဆံမှုများ ပပျောက်ရန် လိုအပ်သည့်အသိပညာပေးခြင်းများကိုလည်း တိုးမြှင့်လုပ်ဆောင်သင့်ပါသည်။ ကျား-မအခြေပြုဖိနှိပ်မှု၊ အကြမ်းဖက်မှုများနှင့် ၎င်း၏သက်ရောက်မှုများအကြောင်းကိုဥပဒေဆိုင်ရာလုပ်ဆောင်နေသူများ ဆရာ/ဆရာမများနှင့် ရပ်ရွာ/ရပ်ကွက်တွင်းရှိ မိဘပြည်သူလူထုများကို အသိပညာပေးခြင်း လုပ်ငန်းစဉ်များကိုလည်း တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်နေပါသည်။





# မှတ်တမ်းတင်ပြုစုခြင်းနည်းလမ်း

သမာဓိဖောင်ဒေးရှင်းကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် မြန်မာတစ်နိုင်ငံလုံးမှ လုပ်အားပေးရှေ့နေစုစုပေါင်း (၃၀၀)ကျော်က အမျိုးသမီးနှင့်ကလေးငယ်များအတွက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် အခြားဥပဒေချိုးဖောက်မှုများတွင် (တရားလိုဖက်၊ စွပ်စွဲခံရသူဖက် နှစ်ဖက်စလုံးအတွက်) အခမဲ့ဥပဒေအထောက်အကူများကို လုပ်ဆောင်ပေးလျက်ရှိသည်။ သမာဓိဖောင်ဒေးရှင်းမှ ၎င်း၏ မိတ်ဖက်အအဖွဲ့အစည်းဖြစ်သော Terre des hommes (Tdh) ၏အထောက်အပံ့ဖြင့် အသက်မပြည့်သေးသောကလေးများအချင်းချင်းကြားတွင်ဖြစ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို လေ့လာစမ်းစစ်ပြီး မှတ်တမ်းတင်ခဲ့သည်။ မှတ်တမ်းတင်ပြုစုရာတွင် ရှေ့နေများသက်ငယ်မုဒိမ်းမှု ကိစ္စများကိုဆောင်ရွက်နေသောဖြစ်ရပ်စီမံခန့်ခွဲသူအရာရှိ (Case Manager) များ၊ လူငယ်သင်တန်းကျောင်းများမှ ညွှန်ကြားရေးမှူးများ၊ဝန်ထမ်းများနှင့်ထဲထဲဝင်ဝင် တွေ့ဆုံမေးမြန်မှုများပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးမှုများအရ သမာဓိဖောင်ဒေးရှင်းမှ အသေးစိတ်လေ့လာစမ်းစစ်မှုများပြုလုပ်ရန် ရန်ကုန်တိုင်းဒေသအတွင်းရှိ[၁] ဆင်ခြေဖုံးမြို့နယ်နှစ်ခုတွင်ရှိသော လူနေရပ်ကွက်များမှမှခင်းလေ့လာခြင်း နှစ်ခုကိုရွေးချယ်ခဲ့သည်။ ရှေ့နေများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်စီမံခန့်ခွဲသူအရာရှိ (Case Manager) များ၊ ဥပဒေဆိုင်ရာအထောက်အကူပေးသူများ၊လူငယ်သင်တန်းကျောင်းများမှကျောင်းအုပ်ကြီးများ၊ ဝန်ထမ်းများ၊ နစ်နာသူများ၊ ပြစ်မှုကျူးလွန်သူကလေးသူငယ်များ၏ မိသားစုဝင်များ၊ အုပ်ထိန်းသူများနှင့် တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့ပြီး အသေးစိတ်မေးမြန်းချက်များနှင့် စကားစမြည်ပြောဆိုခြင်းများကို သမာဓိဖောင်ဒေးရှင်းမှ လုပ်ဆောင်ခဲ့သည်။ သမာဓိဖောင်ဒေးရှင်း၏အဓိကဦးစားပေးမှုမှာ နစ်နာသူများ၏ လိုအပ်ချက်များကိုဖော်ထုတ်ရန်ဖြစ်သော်လည်း အချို့တွေ့ရှိချက်များအရ သက်ငယ်ပြစ်မှု ကျူးလွန်သူများ၏ အခြေအနေများနှင့် ထိုပြစ်မှုများ၏ ဖြစ်စဉ်သဘောသဘာဝများကိုလည်း ထည့်သွင်းဖော်ပြထားခဲ့ပါသည်။

[၁] တွေ့ဆုံဖြေကြားပေးခဲ့သော သူများ၏ လုံခြုံရေးအရ ၎င်းတို့၏အမည်ရင်းများကို ပြောင်းလဲထားပြီး မြို့နယ်များနှင့် နေရာများ အမည်များကိုလည်း မှုခင်းလေ့လာခြင်းများမှ ချန်လှပ်ထားခဲ့သည်။

## ရန်ကုန်တိုင်းဒေသကြီး
## မဝင်းဝင်း

**နှစ်နာသူ မဝင်းဝင်း[၂] အသက် (၁၂)နှစ်သည် အသက် (၁၄) နှစ်အရွယ် အစ်ကိုဝမ်းကွဲဖြစ်သူ၏ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ရသည်။**



[၂] နှစ်နာသူများ၏ အမည်များနှင့်အမှုဖြစ်စဉ်ဖြစ်ပွားခဲ့သောနေရာများကို ပြောင်းလဲဖော်ပြထားသည်။ နှစ်နာသူများကို တိုက်ရိုက်မေးမြန်းမှုများ မပြုလုပ်ထားဘဲ မှုခင်းလေ့လာခြင်းများကို အသုံးပြုရန် ၄င်းတို့၏ မိဘများထံမှခွင့်ပြုချက်ရယူထားခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၁

မဝင်းဝင်း အသက်(၁၂)နှစ်သည် အသက်(၁၄)နှစ်အရွယ် အစ်ကိုဝမ်းကွဲဖြစ်သူ၏ အဓမ္မပြုကျင့်ခြင်းကိုခံခဲ့ရသည်။ သူမ၏အမေက မုဒိမ်းမှုကို တိုင်တန်းခဲ့ပါသည်။ ထိုကိစ္စကြောင့် မဝင်းဝင်းသည် ကျောင်းမှထုတ်ပယ်ခံခဲ့ရသည်။ ယင်းအမှုသည် တရားရုံးမှာ ကြားနာစစ်ဆေးဆဲဖြစ်ပြီး (၁)နှစ်နီးပါး ကြာမြင့်ခဲ့ပြီးဖြစ်ကာ ရုံးချိန်းပေါင်း (၃၉)ကြိမ်ရှိထားပြီးဖြစ်သည်။ ထို့ကြောင့် နှစ်နာသူ၊ ကျူးလွန်သူတို့၏ မိသားစုများသည် ငွေကြေးအခက်အခဲများနှင့် အချိန်ကုန်စိတ်ပင်ပန်းခြင်းများကို ခံစားနေကြရပါသည်။ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုကို မဝင်းဝင်းအတွက်ရော ထိန်းသိမ်းခံနေရသည့်ကျူးလွန်သူကလေးကပါ မရရှိကြပါ။

### အမှုဖြစ်ပွားပုံမှာ မဝင်းဝင်း၏မိဘနှစ်ပါးမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဘက်ရှိ ရွာတစ်ရွာသို့ အလုပ်သွားလုပ်နေသည့်အတွက် အိမ်တွင်ကျန်ခဲ့ရသည့်ကလေးငယ်များအား ၎င်းတို့၏ အစ်ကိုဝမ်းကွဲများကို ကြည့်ရှုပေးရန် ထားခဲ့ရာမှ မုဒိမ်းမှုဖြစ်ပွားခဲ့ရခြင်း။

နှစ်နာသူ၏ ဖခင်နှင့် ကျူးလွန်သူ၏မိခင်တို့သည် မောင်နှမများဖြစ်နေ၍အိမ်နီးချင်းများလည်းဖြစ်ကြသည်။ ၎င်းတို့ မိသားစု(၂)စု စလုံးသည် ဆင်းရဲနွမ်းပါးသူများဖြစ်ကြပြီး လက်လုပ်လက်စားများဖြစ်ပါသည်။ မဝင်းဝင်း၏ မိခင်သည်ရန်ကုန်မြို့တွင် အဝတ်လျှော်ပြီး ဖခင်သည်ဝါးဖောင်လိုက်သူတစ်ဦး ဖြစ်ပါသည်။ မုဒိမ်းမှုဖြစ်ပွားခဲ့ပြီး နောက်မကြာမီ မဝင်းဝင်း၏ဖခင်သည် ဝါးဖောင်ပေါ်မှာ အသတ်ခံခဲ့ရသည်။ မဝင်းဝင်းတွင် မွေးချင်းမောင်နှမ (၄)ယောက်ရှိပြီး ၎င်းတို့၏ အရွယ်များမှာ အသက် (၂)နှစ်ခွဲမှ အသက်(၁၉)နှစ်အရွယ် အတွင်းဖြစ်ကြသည်။

### မုဒိမ်းမှု ကျူးလွန်သူ မောင်အောင်သူနှင့် နှစ်နာသူမဝင်းဝင်းတို့သည် ဝမ်းကွဲမောင်နှမများ ဖြစ်ကြခြင်း။

မောင်အောင်သူသည် အသက် (၁၂)နှစ်တွင် ကျောင်းထွက်ခဲ့ရပြီးဆေးထိုးအပ်ထုတ်သည့် စက်ရုံတနေရာမှာ တစ်နေ့ ကျပ်ငွေ ၃၆၀၀/-လုပ်ခဖြင့်အလုပ်လုပ်ကိုင်နေသူ တစ်ဦးဖြစ်သည်။ ၎င်းတွင် ယခင်ကပြစ်မှုဟောင်းမရှိခဲ့ပါ။ ၎င်း၏ ဖခင်ဖြစ်သူသည် သင်္ဗာန်လှေမောင်းသူဖြစ်ပြီး မိခင်မှာ ရပ်ကွက်ထဲတွင် အဝတ်လျှော်ခြင်းအလုပ်နှင့် တစ်ခါတစ်ရံ ငါးစက်ရုံတွင် အလုပ်လုပ်ကိုင်သူတစ်ဦး ဖြစ်သည်။

မဝင်းဝင်း၏ ညီမငယ်တစ်ဦးသည် မုဒိမ်းမှုထဲမှာ မျက်မြင်သက်သေဖြစ်ပြီး သူမက သူငယ်ချင်းများကိုပြောပြခဲ့ပြီးနောက် ထိုသတင်းသည်အိမ်နီးချင်းများ သို့လျှင်မြန်စွာ ပြန့်နှံ့သွားခဲ့ခြင်း။ မဝင်းဝင်း၏ မိခင်ဖြစ်သူသည် ထိုအကြောင်းကိုမောင်အောင်သူ၏ မရီးမှတဆင့် မောင်အောင်သူ၏အမေကို အသိပေးခဲ့သည်။ မောင်အောင်သူအမေက ထိုသတင်းကို ကြားသည့်အခါအလွန်ဒေါသထွက်ခဲ့၍ မယုံခဲ့သော်လည်းနစ်နာသူ၏မိခင် နှင့်နစ်နာသူကို လမ်းထဲတွင် စော်ကားပြောဆိုခဲ့ပြီး အသရေဖျက်မှုဖြင့် တရားစွဲမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။



နောက်တစ်နေ့တွင် မဝင်းဝင်းနှင့် သူမ၏အမေတို့ လက်ဖက်ရည်ဆိုင်တစ်နေရာတွင် မုန့်ဝယ်နေစဉ် ကျူးလွန်သူ၏ မိခင်မှတွေ့ကာ ထပ်မံစော်ကားပြောဆိုခဲ့၍ လူရှေ့သူရှေ့အရှက်ရစေခဲ့သည့်အတွက် မဝင်းဝင်း၏အမေဖြစ်သူက အမှုအားတိုင်ကြားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သူမသည် ပထမဦးစွာ ရပ်ကွက်အတွင်းရှိ ပြည်သူများ၊ တရားမျှတမှုထောက်ပံ့ပေးသူများ[၇] ကြား ချိတ်ဆက်ပေးခဲ့သော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် ဆက်သွယ်ခဲ့ရသည်။ ၎င်းတို့က သူမ၏အမှုအား နားထောင်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်သွားပေးခဲ့သည်။

[၇] ဤအဖွဲ့စည်းတွင် ဥပဒေဆိုင်ရာအထောက်အကူပေးသူများနှင့် တရားဥပဒေသင်တန်းများ တက်ရောက်ထားခဲ့သောအခြားပြည်သူများ ပါဝင်သည်၊ အဖွဲ့အား ၎င်းတို့အင်အားနှင့်သာ တည်ထောင်ထားခဲ့၍ အန်ဂျီအို (NGO) အထောက်အပံ့များ မပါရှိခဲ့ပေ။



**ရပ်ကွက်အုပ်ချုပ်ရေးမှူးက နစ်နာသူနှင့် ကျူးလွန်သူတို့သည် ဆွေမျိုးများနေကြသည်ကို သိခဲ့ရပြီးနောက် အမှုအား ရဲစခန်းသို့ မတိုင်ကြားဘဲ နောက်နောင် ထပ်မံမကျူးလွန်စေရန် ကတိခံဝန်ချက်ဖြင့်သာ လက်မှတ်ရေး ထိုးခိုင်းခြင်း။**

မဝင်းဝင်း၏ အမေဖြစ်သူက မကျေနပ်သည့်အတွက် ရပ်ကွက်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေး သူထံဆက်သွယ်ခဲ့၍ ရဲစခန်းသွားခဲ့ရခြင်း ဖြစ်သည်။ ထိုသို့ ရဲစခန်းသို့ သွားရာလမ်းမှာ မောင်အောင်သူ၏ အမေက မဝင်းဝင်းတို့သားသမီးလာသည့်ဆိုင်ကယ်ကို လှမ်းဆွဲခဲ့၍ ရဲစခန်းသို့ သွားမတိုင်ကြရန် တားမြစ်ခဲ့သည်။ သို့သော်လည်း ရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သည်။ သက်ဆိုင်ရာနယ်မြေခံ ရဲစခန်း၏တာဝန်ရှိသူမှ ထိုတိုင်ကြားခဲ့သည့်အမှုအား **"ဓမ္မတာနှင့်ဆန့်ကျင်သောပြစ်မှု-ရာဇသတ်ကြီးဥပဒေပုဒ်မ၃၇၇"** [၈] ဖြင့် အမှုဖွင့်ပေးခဲ့ပြီးနောက်နေ့တွင် မောင်အောင်သူကို နယ်မြေရဲစခန်း၏တာဝန်ရှိသူများက သွားရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ မောင်အောင်သူသည် ကလေးသူငယ်တရား ရုံးတွင် စွပ်စွဲခံရသူအဖြစ် မေးမြန်းစစ်ဆေးရန် လူငယ်သင်တန်းကျောင်းသို့ မပို့ဆောင်မီ ရဲစခန်းအချုပ်ထဲမှာ တစ်လခန့်ထိန်းသိမ်းခံခဲ့ရသည်။ ၆

တရားရုံးသို့တင်ပြရန် မဝင်းဝင်း၏ အသက်အထောက်အထား (မဝင်းဝင်းမွေးစာရင်းမရှိ၊အသက်နှင့်ပတ်သက်၍အခြားအထောက်အထားများမရှိ)နှင့်ကျောင်းထောက်ခံစာလိုအပ်သည့်အတွက် ကျောင်းအုပ်ကြီးထံသို့ အမှုအကျိုးအကြောင်းကို ပြောပြခဲ့ရာ လိုအပ်သောထောက်ခံစာ ပေးခဲ့သော်လည်း မဝင်းဝင်းမှာ ထိုဖြစ်စဉ်ကြောင့်ကျောင်းထုတ်ခံခဲ့ရသည်။ မုဒိမ်းမှုဖြစ်ခဲ့ပြီးနောက် မကြာမီပင် မဝင်းဝင်း၏ဖခင်ဖြစ်သူက အသတ်ခံရသည့်အတွက် နာရေးကိစ္စနှင့် လူသတ်မှုတရားစွဲဆိုစစ် ဆေးခြင်းအတွက် မဝင်းဝင်း၏မိခင်သည် ဧရာဝတီတိုင်းဒေသကြီးရှိ မြစ်ဝကျွန်းပေါ်ဒေသဘက်သို့ ခရီးထွက်ခဲ့ရသည်။

[၈] ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၇၇ ၏ ပြစ်ဒဏ်မှာ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၇၆ (မုဒိမ်းမှု)ထက်ပို၍ ပြစ်ဒဏ်ကြီးလေသည်။ ပုဒ်မ ၃၇၇ ၏ ပြဋ္ဌာန်းချက် အပြည့်အစုံမှာ - **"ယောကျ်ားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရစ္ဆာန်နှင့်ဖြစ်စေ၊ မည်သူမဆို၊ မိမိအလိုအလျောက် ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက် မှုကို ပြုလျှင်၊ ထိုသူကို တသက်တကျွန်းဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"**

**မုဒိမ်းမှုဖြင့် ကျူးလွန်ခံရသူမဝင်းဝင်းနှင့် သူမ၏မိသားစုအတွက် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးမှုအကူအညီများ မရရှိခဲ့ခြင်း။**

မဝင်းဝင်း၏ မိခင်သည် သမီးဖြစ်သူ၏အမှုနှင့် ယောကျ်ားဖြစ်သူအသတ်ခံရမှုတို့မှာရှေ့ဆင့်နောက်ဆင့်ဖြစ်ပြီး တစ်ပြိုင်နက်အမှုနှစ်မှုကိုရင်ဆိုင်နေရ၍ စိတ်ဓာတ်ကျခဲ့ပြီး အလုပ်လည်းမလုပ်နိုင်၊ နေအိမ်အပြင်လည်း မထွက်နိုင်သည်အထိဖြစ်ခဲ့ရသည်။ မဝင်းဝင်းနှင့် ၎င်း၏ မိခင်အတွက်စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးမှုအကူအညီများကို လူမှုဝန်ထမ်းဦးစီးဌာနကသော်လည်းကောင်း၊အခြားအဖွဲ့အစည်းများမှသော်လည်းကောင်းအကူအညီများမရရှိခဲ့ပါ။ သူတို့၏အိမ်နီးချင်းများက သူတို့မိသားစုအတွက် ဈေးဝယ်ပေးခဲ့ရသည်။ ကျောင်းမှအထုတ်ခံရသည့် နှစ်နာသူမဝင်းဝင်းမှာ အိမ်တွင်သူမမိခင်ကိုသာ ဝိုင်းဝန်းကူညီပြီးအတူနေထိုင်ခဲ့ကြသည်။ နောက်ဆုံးတွင်စားစရိတ်သက်သာစေရန်နှင့် သူမအတွက် မသင့်တော်ဟုယူဆရသည့် ပတ်ဝန်းကျင်မှဝေးကွာသွားစေရန် ရွှေပြည်သာစက်မှုဇုံဧရိယာရှိ စက်ရုံတစ်ရုံမှာ အလုပ်လုပ်ပြီး နေထိုင်နေသည့် သူမ၏အစ်မ ရှိရာသို့ သူမကိုပို့ထားခဲ့ရသည်။

**အမှုမှာယခုထိစစ်ဆေးနေဆဲဖြစ်၍ တစ်နှစ်နီးပါးကြန့်ကြာခဲ့ပြီးဖြစ်ကာ နှစ်ဖက်မိသားစုဝင်များသည် ငွေရေးကြေးရေးအခက်အခဲများနှင့် စိတ်ပင်ပန်းမှုများဖြင့် ခံစားနေရခြင်း။**

နှစ်နာသူ မဝင်းဝင်းဘက်၏ မိခင်သည်ပထမတစ်လတွင်အကြောင်းကြားစာမရခဲ့၍ တရားရုံးသို့မသွားဖြစ်ခဲ့ပါ။ နောက်ဆုံး ကျူးလွန်သူ၏ အစ်ကိုမှ အိမ်သို့လာခဲ့ပြီး သူ၏ညီဖြစ်သူ မြန်မြန်လွတ်နိုင်စေရန်အတွက် တရားရုံးသို့လိုက်ခဲ့ပေးပါရန် ခေါ်ဆိုသည့်အတွက်တရားရုံးသို့လိုက်သွားခဲ့သည်။ ဥပဒေ





ဆိုင်ရာ အထောက်အကူပေးသူနှင့်၎င်း၏ယောကျ်ားတို့က သူမတရားရုံးသွားသည့်အခါလိုက်ပေးခဲ့ကြသည်။ ထိုသို့အတူ လိုက်ပေးရသည့်အတွက် ငွေကြေးတစ်စုံတစ်ရာမတောင်းခဲ့သော်လည်း သူတို့အတွက် ခရီးစရိတ်နှင့် စားစရိတ်ကိုအကုန်ကျခံရပေသည်။ နှစ်နာသူမဝင်းဝင်း၏ အမေဖြစ်သူသည် သူတို့နေ့လည်စာစားပြီးကုန်ကျစရိတ်ရှင်းပေးရန် ပိုက်ဆံမရှိသည့်အတွက် သူမအသိတစ်ဦးထံမှ ပိုက်ဆံ ၅၀၀၀ ချေးယူခဲ့ရခြင်း၊ သူမတို့ သားအမိအတွက်မူ နေလည်စာစားရန် ပိုက်ဆံမကျန်ရှိ၍ ဘာမှမစားဖြစ်ခဲ့ခြင်း၊ ထို့နောက် အိမ်ပြန်ရန်အတွက်ပင်လမ်းစရိတ်မရှိ၍ တရားရုံးမှ သူတို့အိမ်အထိ လမ်းလျှောက်ပြန်ခဲ့ရသည့် အကြောင်းများကိုပြောပြခဲ့ပါသည်။ မဝင်းဝင်းတို့မိသားစုသည် မည်သည့်အဖွဲ့စည်း၏ငွေကြေးဆိုင်ရာထောက်ပံ့ခဲ့ခြင်းမှ မရရှိခဲ့ပါ။

**နှစ်နာသူမဝင်းဝင်း၏မိခင်သည် ထိုကဲ့သို့ စိုးရိမ်ကြောင့်ကြနေရခြင်းနှင့်ငွေကြေးအခက်အခဲများကြောင့် တရားရုံးသို့ပုံမှန်မသွားနိုင်ခဲ့ခြင်း၊ သူမသည် မောင်အောင်သူကို ထောင်သို့ပို့လိုက်ရခြင်းကို စိတ်မကောင်းဖြစ်နေပြီး သူမ တရားရုံးသို့မသွားပါက အမှုပျက်ပြယ်သွားမည်ဟု ထင်နေရခြင်း။**





အမှန်တကယ်အားဖြင့် သူမရုံးချိန်း မသွားသည့်အတွက် ရုံးချိန်းများ ရွှေ့ဆိုင်းနေရပြီးမောင်အောင်သူသည် သင်တန်းကျောင်းတွင် ဆက်လက်နေထိုင်နေရသည်။ နစ်နာသူ မဝင်းဝင်း၏ မိခင်သည် မောင်အောင်သူအတွက် စိတ်မကောင်းဖြစ်နေရပြီးတရားရုံးစစ်ဆေးမှုများကို ပင်ပန်းလာခြင်းတို့ကြောင့် အမှုအား ရုပ်သိမ်းချင်သည့်အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးသူထံသို့ မေးမြန်းခဲ့ရပါသည်။ သို့သော်မည်သို့ လုပ်ဆောင်ရမည်ကို မသိရပေ။ အမှန်တကယ်တွင် သူမသည် အမှုကိုရုပ်သိမ်းကြေအေးရန်အတွက်မောင်အောင်သူ၏ မိခင်မှတောင်းပန်ခြင်းကိုစောင့်ဆိုင်းနေရသူဖြစ်သည်။ ဥပဒေဆိုင်ရာအထောက်အကူပေးသူ အနေဖြင့် မှုဒိမ်းမှုကိုရုပ်သိမ်း၍မရနိုင်ကြောင်း ရှင်းပြခြင်းလည်းမရှိခဲ့ပါ။ ထို့ပြင်ဥပဒေဆိုင်ရာ အထောက်အကူပေးသောအဖွဲ့နှင့်ဆက်သွယ်ပေးခဲ့သော်လည်း အထောက်အကူကောင်းကောင်းမရရှိခဲ့ဘဲ တရားရုံး၌ ကြားနာမှုများတွင် ရှေ့နေတစ်ဦးတည်းမဟုတ်သည့်အတွက်ရှေ့နေနှင့်အမှုသည်ကြား ခင်မင်ရင်နှီးမှု[၅] လည်း မတည်ဆောက်နိုင်ခဲ့ပေ။ ထို့ပြင်ရှေ့နေများထံမှလည်း လိုအပ်သော သတင်းအချက်အလက်များ မရရှိခဲ့ပါ။

**သင်တန်းကျောင်းရှိ မောင်အောင်သူသည်လည်း စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများမရရှိခဲ့ခြင်း။**

မောင်အောင်သူ သည် သင်တန်းကျောင်းတွင် အခြားကလေးများ၏ အနိုင်ကျင့်မှုကိုခံရသည်ဟုသိရှိရပြီးသင်တန်းကျောင်းတွင် သန့်ရှင်းမှုအားနည်း၍သူ့ခန္ဓာကိုယ်တွင်ယားနာများလည်းဖြစ်ခဲ့ရသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးသူကနှစ်ဦးနှစ်ဖက်လုံးနှင့်ရင်းနှီးနေကြပြီး ဥပဒေအကြံပေးဆွေးနွေးခြင်းများအား ပြုလုပ်ပေးခဲ့သည်။ ၎င်းအားတာဝန်ချထားပေးခြင်း မဟုတ်သော်လည်း ၎င်းတို့သည် အန်ဂျီအိုများမှပေးအပ်သော ဥပဒေဆိုင်ရာသင်တန်းများကို တက်ရောက်ခဲ့ပြီး ရပ်ကွက်အတွင်း၌တည်ထောင်ထားခဲ့သော ရပ်ကွက်ဥပဒေဆိုင်ရာအထောက်အထားပေးအဖွဲ့အစည်း၏အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းကပင် ဥပဒေဆိုင်ရာအထောက်အကူပေးသောအဖွဲ့နှင့်ဆက်သွယ်ပေးခဲ့သည်။

[၅] ရှေ့နေများနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးသောအဖွဲ့အစည်းမှ ကိုယ်စားလှယ်များသည် တွေ့ဆုံမေးမြန်းဆွေးနွေးမှုများအတွက်အချိန်မပေးနိုင်ခဲ့ကြပါ။





**နစ်နာသူမဝင်းဝင်း၏မိခင်သည် ကျောင်းအုပ်ကြီးမှ သူမသမီးအား ကျောင်းမှထုတ်ခဲ့သည့်အကြောင်းတရားသူကြီးထံသို့တင်ပြခဲ့သော်လည်းနစ်နာသူ မဝင်းဝင်းကျောင်းပြန်တက်နိုင်စေရန် သို့မဟုတ် ကျောင်းပြောင်း၍ပြန်တက်နိုင်စေရန် ဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ပါ။**

ကျောင်းအုပ်ကြီးအပေါ်တွင်လည်း တစ်စုံတစ်ရာ အရေးယူမှုများ မတွေ့ခဲ့ရပါ။ တရားသူကြီးမှ **“ကျောင်းက ဒါမျိုးလုပ်လို့မရဘူး”** ဟုသာ ပြန်ပြောခဲ့သည်။ နစ်နာသူ မဝင်းဝင်း၏ မိခင်သည် နောက်နှစ်တွင် မဝင်းဝင်းအား ကျောင်းမှပြန်လက်ခံမည်ဟု မျှော်လင့်နေရသည်။ သို့မဟုတ်လျှင်လည်း နစ်နာသူမဝင်းဝင်း၏အစ်မရှိသည့် ရွှေပြည်သာတွင် ကျောင်းပြောင်းရွှေ့ပြီး သူမအတွက် ကျောင်းပြန်အပ်ရန် အစီအစဉ်ရှိနေပါသည်။

# သာဓက ၂

## ရန်ကုန်တိုင်းဒေသကြီး
## မမေစိုး

**နစ်နာသူ အသက်(၁၂) ၏မိသားစုသည် ကျူးလွန်သူကပြန်လွတ်လာသည်ကိုသိရှိပြီးကတည်းက နစ်နာသူ၏ဘဝလုံခြုံမှုအတွက် စိုးရိမ်နေကြရပြီး လက်ရှိနေရာမှ အခြားဝေးကွာသောနေရာတစ်ခုမှာပြောင်းရွှေ့နေထိုင်ချင်ခဲ့ကြသည်။**





### သက်ငယ်မုဒိမ်းကျူးလွန်ခံရသူ ကလေးငယ်အတွက် နေရာချထားရေးအစီအစဉ်မရရှိခဲ့ခြင်း။

မုဒိမ်းကျူးလွန်ခံရသူမမေစိုးသည် ကျူးလွန်ခံရသည့်အချိန်တွင်အသက်(၁၂)ဖြစ်သည်။ အသက်(၁၄)နှစ်ရှိသည့် မုဒိမ်းကျူးလွန်သူသည် အိမ်နီးချင်းကစားဖော် သူငယ်ချင်းနှစ်ဦး(အသက် ၁၀နှစ် နှင့် ၁၂နှစ်)တို့၏ အားပေးကူညီမှုဖြင့်မုဒိမ်းမှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။ နစ်နာသူမမေစိုး၏ အဒေါ်ကသက်ဆိုင်ရာနယ်မြေရဲစခန်းထံသို့သွားရောက်တိုင်ကြားခဲ့၍စတင်တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။ ကျူးလွန်သူအားဖမ်းဆီးမေးမြန်းစစ်ဆေးခဲ့ပြီးနောက် အမိန့်ချမှတ်ခဲ့သည်။ ထိုမုဒိမ်းမှုသတင်းသည် ရပ်ကွက်အတွင်းလျှင်မြန်စွာပျံ့နှံ့ပြီးနောက်နစ်နာသူမမေစိုးသည် ကျောင်းသို့မသွားရဲတော့ပါ။ နစ်နာသူမမေစိုး၏မိသားစုသည် ကျူးလွန်သူပြန်လွတ်လာသည်ကိုသိရှိပြီးကတည်းက သူမ၏ဘဝလုံခြုံမှုအတွက် စိုးရိမ်နေကြပြီး လက်ရှိနေရာမှ အခြားဝေးကွာသောနေရာတစ်ခုသို့ပြောင်းရွှေ့ နေထိုင်ချင်ခဲ့ကြသည်။ သို့သော် ထိုသို့ပြောင်းရွှေ့ရန်လည်း မတတ်နိုင်ခဲ့ကြပါ။

### နစ်နာသူမမေစိုးသည် သူမ၏အဒေါ် အသက် (၂၇)နှစ်၊ အဘွား အသက် (၇၅)နှစ်၊ ဦးလေး၊ မွေးချင်း (၅)ဦး၊ မောင်နှမဝမ်းကွဲ (၂)ဦး တို့နှင့်အတူ ဒလမြို့ရှိ ၎င်းတို့၏ (၁၀) ပေပတ်လည် ဝါးအိမ်ကလေးအတွင်း နေထိုင်ခဲ့ကြခြင်း။

နစ်နာသူမမေစိုး၏ မိခင်သည် ရန်ကုန်မြို့သို့သွားရောက် အဝတ်လျှော်အလုပ်လုပ်ပြီး သွားလိုက်လာလိုက်သာဖြစ်သည်။ နစ်နာသူမမေစိုး၏မိခင်နှင့်အ ဒေါ်တို့သည်မုဆိုးမများဖြစ်ခဲ့ကြသည်။ နစ်နာသူမမေစိုးသည် ငယ်စဉ်ကတည်းက ယောကျ်ားလေးအဝတ်အစားများကိုသာ ကြိုက်နှစ်သက်ပြီး ယောကျ်ားလေးလို နေထိုင်ဆော့ကစားလေ့ရှိသည်။ ထိုသို့အပြင်တွင် ဆော့ကစားနေစဉ် ကျူးလွန်သူ မောင်အောင်ခန့် အသက်(၁၄)နှစ်နှင့် သူမ၏ကစားဖော်ကစားဖက် သူငယ်ချင်းနှစ်ဦး(အသက်၁၀နှစ် နှင့် အသက်၁၂နှစ်)တို့က နစ်နာသူမမေစိုးအား ကျင်းပေါင်းထဲသို့တွန်းချကာ သူမလဲကျနေစဉ် ကလေးငယ်နှစ်ဦးကချုပ်ပေးထားပြီး မောင်အောင်ခန့်က အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်သည်။ နောက်နေ့တွင် အဘွားနှင့်အဒေါ်တို့က ထိုအကြောင်းကိုသိရှိခဲ့ကြသည်။ သူမ၏အဒေါ်ကအလွန်စိတ်ဆိုးခဲ့ပြီးအမှုတိုင်ကြားဖို့ဆုံးဖြတ်ခဲ့သည်။ နစ်နာသူ မမေစိုး၊ သူမ၏အဒေါ်မိခင်လေးနှင့် သူမ၏အဘွားတို့သည်ဆယ်အိမ်မှူးထံ

သွားရောက်ပြောပြခဲ့၍ ထိုဆယ်အိမ်မှူးက သူမတို့နှင့်အတူ သက်ဆိုင်ရာနယ်မြေ ရဲစခန်းသို့ လိုက်ပါပေးခဲ့ကြသည်။

**နယ်မြေရဲစခန်းမှ တာဝန်ရှိရဲအရာရှိ (အမျိုးသား)တစ်ဦးက နစ်နာသူမမေစိုးကို မေးမြန်းစစ်ဆေးခဲ့ပြီး ထိုရဲစခန်း၏ရဲမေတစ်ဦးက သီးသန့်အခန်းတစ်ခုသို့ ခေါ်ဆောင်သွား၍ မိန်းမကိုယ် ဒဏ်ရာရရှိမှုကို စစ်ဆေးခဲ့ခြင်း။**

ထို့နောက်သူတို့သည် မုဒိမ်းမှုဖြစ်ပွားရာနေရာသို့ အတူတကွ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။ နယ်မြေရဲစခန်း၏တာဝန်ရှိ ရဲအရာရှိက သူတို့အား နောက်နေ့ မနက်တွင်ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးစစ်ရန်ပြောဆိုခဲ့ကြသည်။ ထိုသို့သွားလာရသည့်ခရီးစရိတ်၊ စားစရိတ်အတွက် ရဲများက ငွေကြေးအကုန်ကျခံပြီး ဝိုင်းဝန်းကူညီပေးခဲ့ ကြောင်းပြောပြခဲ့သည်။



**ကျူးလွန်သူနှင့် အားပေးကူညီသူနှစ်ဦးအား တာဝန်ရှိရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့ပြီး သင်တန်းကျောင်းသို့ ပေးပို့ခဲ့ခြင်း။**

ထိုအချိန်တွင် ကျူးလွန်သူ မောင်အောင်ခန့်သည် အသက် (၁၄) နှစ် ဖြစ်သည်။ သူ၏ မိဘများမှာ သူငယ်စဉ်ဘဝကတည်း က ကွယ်လွန်ပြီး ဖြစ်၍ ကျူးလွန်သူ၏ အစ်ကို၊ မရီးတို့နှင့်အတူ နေထိုင်ခဲ့ကြသည်။ ကျူးလွန်သူသည် ကျောင်းမနေ



တော့ဘဲလမ်းပေါ်၌ သူ၏သူငယ်ချင်းများနှင့်အတူ အချိန်ကုန်ဆုံးလေ့ရှိသည်။ မုဒိမ်းမှု မကျူးလွန်မီက သူသည်ခိုးမှုဖြင့် တရားစွဲခံထားရခြင်းရှိပြီး အာမခံဖြင့်အမှုရင်ဆိုင် နေရသူလည်း ဖြစ်ပါသည်။

**နစ်နာသူနှင့်ကျူးလွန် သူတို့အတွက် အမှုလိုက်ပေးခဲ့ကြသည့်ရှေ့နေများမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် အဖွဲ့အစည်းတစ်ခုတည်းမှ ရှေ့နေများဖြစ်ကြခြင်း။**

ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကလေးများနှင့်ပတ်သက်သော ပြစ်မှုများတွင် တာဝန်ရှိသည့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်စီမံခန့်ခွဲသူအရာရှိ အကြောင်းကြားခဲ့ပြီး ဖြစ်ရပ်စီမံခန့်ခွဲသူအရာရှိက နစ်နာသူမမေစိုး၊ ကျူးလွန်သူမောင်အောင်ခန့်နှင့် အခြားပါဝင်သည့် ကလေးများကို ရှေ့နေရရှိစေရန်အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် အဖွဲ့အစည်းနှင့်ချိတ်ဆက်ပေးခဲ့သည်။ တရားရုံးသို့ သွားသည့်အခါ ခရီးစရိတ် ရရှိစေရန် အတွက်အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ပေးခဲ့သည်။

**နစ်နာသူ မမေစိုးနှင့် သူမ၏ အဒေါ်သည် ၎င်းတို့ရဲ့ရှေ့နေနှင့် တစ်ကြိမ်သာ တွေ့ခွင့်ရှိခဲ့ခြင်း။**

ဤအမှုနှင့် ပတ်သက်၍ရုံးချိန်းမည်မျှ သွားခဲ့ရသည်ကိုလည်း မမှတ်မိတော့ပါ။ တရားလိုနှင့် တရားလိုပြသက်သေများကို မေးမြန်းစစ်ဆေး ကြားနာပြီးနောက်တွင် တရားရုံးသို့ မသွားတော့သောကြောင့် မည်သို့အမိန့်ချခဲ့ကြောင်း ကိုလည်းမသိခဲ့ရပါ။ ၎င်းအမှုနှင့်ပတ်သတ်၍လည်း မေးမြန်းစုံစမ်းခြင်းမရှိခဲ့ပေ။

**နစ်နာသူမမေစိုးသည် အဓမ္မပြုကျင့်ခံရပြီးနောက် သတင်းပျံ့နှံ့မှုကြောင့် ကျောင်းမတတ်ချင်တော့ခြင်း**

သူမသည် ကျောင်းထုတ်မခံရသော်လည်း ကျောင်းပြန်တက်ရန် ငြင်းဆန်ခဲ့ပါသည်။ ကျောင်းဆရာ/ ဆရာမများကလည်း သူမကို ကျောင်းဆက်တက်ရန် အားပေးမှု မရှိခဲ့ပါ။ နစ်နာသူ မမေစိုးသည် ယခုကဲ့သို့ ကျောင်းထွက်ခဲ့ရခြင်းမှာ ပထမဆုံးအကြိမ်မဟုတ်ပါ။ မုဒိမ်းမှုမဖြစ်မီ ပထမနှစ်တွင် သူမသည် (၃)တန်းတက်နေစဉ် ဆရာက အပြစ်ပေးသည့် အနေဖြင့် လက်ကိုရိုက်ခဲ့ရာ လက်ပေါက်သွားခဲ့၍

ကျောင်းထွက်ခဲ့ရသည်။ နစ်နာသူမမေစိုး၏ အဒေါ်သည် သူမဘဝရှေ့ရေးအတွက် စိုးရိမ်းပူပန်နေရပြီး နောက်နှစ်တွင် ကျောင်းထားနိုင်ရန် ဆက်လက်ကြိုးပမ်းနေသော်လည်း သူမကတော့ ကျောင်းပြန်တက်ရန် မဆုံးဖြတ်ရသေးပါ။

**နစ်နာသူမမေစိုးနှင့်သူမ၏မောင်နှမများသည်မုဒိမ်းမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အခြားကလေးများနှင့်အတူအိမ်နီးချင်းများ၏ ထိုကိစ္စအပေါ်အနိုင်ယူပြောဆိုမှုများကို နေ့စဉ်လိုလိုရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရခြင်း။**

ရပ်ကွက်အတွင်းရှိ အခြားကလေးငယ်များက နစ်နာသူ မမေစိုး၏ မောင်နှမများကို **“မုဒိမ်းကျင့်ခံရတဲ့ကောင်းမလေးရဲ့ မောင်”** ဟူသောအသုံးအနှုန်း ပြောဆိုမှုများ ကြုံတွေ့ခဲ့ရသည်။ အဓမ္မမှုကျူးလွန်ခံရပြီးနောက် သူမသည်ရပ်ကွက်ထဲမှာ မနေချင်တော့၍ ရန်ကုန်သို့နေ့စားအလုပ်သွားလုပ်သော သူမ၏အဒေါ်နှင့်အတူ လိုက်ပါသွားလေ့ရှိသည်။ နောက်ပိုင်းတွင် သူမသည်ရပ်ကွက်အတွင်း ပြန်လည်ဆော့ကစားလာသော်လည်း သူမ၏အတိတ်ဖြစ်ရပ်ဆိုးများကြောင့် အခြားကလေးများ၏ အနိုင်ကျင့်ပြောဆိုနှိမ်ချမှုများကို ဆက်တိုက်ခံနေရသည်။

**လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်စီမံခန့်ခွဲသူအရာရှိများက ကျူးလွန်ခံရသူအား မေးမြန်းစစ်ဆေးခဲ့စဉ်က ပထမလများတွင် မေးမြန်းဆွေးနွေးနှစ်သိမ့်မှုများ လုပ်ဆောင်ခဲ့သည်ဆိုသော်လည်း စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများ မပါဝင်ခဲ့ပါ။**








ပြစ်မှုဆိုင်ရာမန်နေဂျာ၏ ရှင်းလင်းပြောပြချက်များအရ နှစ်သိမ့်ဆွေးနွေးမှုများတွင် **“ယောကျ်ားလေးတွေနဲ့မဆော့နဲ့”** ၊ **“အပြင်သိပ်မထွက်နဲ့”** စသည့် ပြုမူနေထိုင်မှုများနှင့်ဆိုင်သောအကြံပေးမှုများပါဝင်သည်ဟုသိရသည်။

**အမှုစစ်ဆေးကြားနာခြင်း (၅) လခန့် ကြာမြင့်ခဲ့ခြင်း။**

ကျူးလွန်သူ မောင်အောင်ခန့်၏ ရှေ့နေမှ မောင်အောင်ခန့်နှင့်အတူ ကျူးလွန်သူကလေးနှစ်ယောက်အတွက် အာမခံလျှောက်ထားခဲ့သော်လည်း အာမခံလျှောက်ထားမှုကို ပယ်ချခံခဲ့ရသည်။ အကြောင်းမှာ မောင်အောင်ခန့်သည်ယခင်အမှုဟောင်းတွင် အာမခံဖြင့်နေထိုင်နေသောကြောင့် ဖြစ်သည်။ မောင်အောင်ခန့်ကိုလူငယ်ထိန်းသိမ်းရေးစခန်းတွင် ၂နှစ် နေထိုင်စေရန်အမိန့်ချမှတ်ခဲ့ပြီးကျန်ကလေးနှစ်ဦးကို မိဘများထံပြန်လည်အပ်နှံခဲ့သည်။ သို့သော် မောင်အောင်ခန့်သည် တစ်နှစ်အကြာတွင်ရပ်ကွက်သို့ပြန်လည်ရောက်ရှိလာခဲ့သည်။ သူတို့သည်လည်းသင်တန်းကျောင်းတွင်နေစဉ်ကာလနှင့်ထွက်လာပြီးနောက်ပိုင်းတွင်ပါ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းကို မရရှိခဲ့ကြပါ။

**နစ်နာသူမမေစိုး၏ မိသားစုသည် ကျူးလွန်သူပြန်လွတ်လာသည့် အချိန်မှစ၍ သူမ၏ဘဝလုံခြုံမှုအတွက် အလွန်စိုးရိမ်ပူပန်နေကြပြီး စိတ်ချလုံခြုံသောပတ်ဝန်းကျင် တစ်ခုသို့ပြောင်းရွှေ့လိုခဲ့ခြင်း။**

ကျူးလွန်သူ မောင်အောင်ခန့်သည် စောစောလွတ်လာခဲ့၍ သူတို့၏အိမ်နီးချင်းအဖြစ်ပြန်လည်ရောက်လာခဲ့ကြောင်း သိရသည့်အခါ မခင်လေးသည် သူမ၏ တူမဘဝလုံခြုံမှုအတွက် အလွန်စိုးရိမ်ပူပန်နေရသည်။ သူမသည်သူမတို့၏အိမ်ကိုရောင်းချပြီးအခြားနေရာအသစ်တစ်ခုသို့ ပြောင်းရွှေ့ချင်ခဲ့သည်။ သို့သော်လည်း ထိုသို့ပြောင်းရွှေ့ရာတွင် တစ်ကိုယ်ရည်မဟုတ်ဘဲ ကလေးများနှင့်အတူ ပြောင်းရွှေ့ရမည်ဖြစ်၍နေရာသစ်တွင် အဆင်မပြေမည်ကို စိုးရိမ်နေရသည်။ လက်ရှိနေထိုင်နေသောနေရာမှာအခြားမောင်နှမသားချင်းများလည်းရှိကြ၍ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းနိုင်သည်။ အခြားနေရာသစ်သို့ပြောင်းရွှေ့အခြေချလျှင် သူမအနေဖြင့်မည်သူကို အကူအညီတောင်းရမှန်း သိမည်မဟုတ်ပါ။

# တွေ့ရှိချက်များ အနှစ်ချုပ်





## နစ်နာသူ ကလေးသူငယ်များအတွက် ဘက်ပေါင်းစုံ မှ အထောက်အပံ့ ကူညီပေးသောစနစ်တစ်ရပ် သေသေချာချာ မရှိခြင်း။

လူမှုဝန်ထမ်းဦးစီးဌာနမှ အထောက်အပံ့ ဝန်ဆောင်မှုများကို ပုံစံမျိုးစုံနှင့်ပေးသင့်သော်လည်း ဝန်ထမ်း မလုံလောက်သည့်အပြင် လက်တွေ့ကျကျထိရောက်မှုလည်း အလွန်အားနည်းနေသည် ကို လေ့လာတွေ့ရှိရသည် ။ **“မြို့နယ်တစ်မြို့တွင် အနည်းဆုံး လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်စီမံခန့်ခွဲသူ အရာရှိတစ်ယောက်ထားရှိရမည် ဖြစ်ပြီး ၎င်းတို့[၆]တာဝန်ကျရာ နေရာအတွင်းရှိ ကလေးသူငယ်များပါဝင်နေသည့် ပြစ်မှုတစ်ခုချင်းကိုသတင်းပေးပို့ရမည်”** ဖြစ်သည်။ ထို့အပြင် တာဝန်ကျရာနေရာ အတွင်းရှိ ပြည်သူများကို ဥပဒေဆိုင်ရာအထောက်အပံ့များပေးသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊ တရားရုံးမှာကြားနာနေစဉ်အတွင်း ငွေကြေးထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်းများကို လုပ်ဆောင်ပေးရန်ဖြစ်ပါသည်။ သို့သော် လက်တွေ့မှာပင် အထောက်အပံ့များ ရရှိမှုတို့သည် ထိုဖြစ်ရပ်စီမံခန့်ခွဲသူ အရာရှိပေါ်တွင်သာ မူတည်နေပြီး ဖြစ်ရပ်စီမံခန့်ခွဲသူ အရာရှိကို ဝန်ထုပ်ဝန်ပိုး အလွန်များနေစေသည့်အပြင် မှုခင်းလေ့လာခြင်း နံပါတ်(၁) တွင် ဖော်ပြထားသည့်အတိုင်း အထောက်အပံ့ အနည်းငယ် (သို့မဟုတ်) လုံးဝမရရှိခြင်းများသာ ဖြစ်လာရသည်။ ရပ်ရွာအတွင်းသွားလာရာတွင်လည်း ကျူးလွန်သူများဖက်မှ မကျေနပ်မည်ကို စိုးရိမ်နေသောကြောင့် အချို့ ဖြစ်ရပ်စီမံခန့်ခွဲသူအရာရှိများက ၎င်းတို့၏ ဘဝလုံခြုံမှုနှင့်ပတ်သက်ပြီး စိုးရိမ်ရမှုများအကြောင်းကိုလည်း ထောက်ပြခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ငယ်မုဒိမ်းမှု နစ်နာသူများအတွက် ဘဏ္ဍာငွေဆိုင်ရာစီမံချက်အသစ်ကိုထုတ်ပြန်ခဲ့ပါသည်။ ၎င်းမှာ ငွေကျပ်တစ်သိန်းကို အခင်းဖြစ်ပြီးချိန်တွင် ချက်ချင်း ထောက်ပံ့ပေးရမည်ဖြစ်ပြီး နောက်ပိုင်းတွင် ပြန်လည်ထူထောင်နိုင်စေရန် လုပ်ငန်းစဉ်များအတွက် ငွေကျပ်(၅)သိန်း ထောက်ပံ့ပေးရန်ဖြစ်သော်လည်း လုပ်ငန်းစဉ်မှာ ရှည်လျားရှုပ်ထွေးပြီး နေပြည်တော်မှ အတည်ပြုချက်လိုအပ်နေသောကြောင့် ယခုအချိန်ထိ နစ်နာသူတစ်စုံတစ်ယောက်မှ ထိုစီမံချက်အသစ်၏

[၆] လူမှုဖူလုံရေးဌာန၏ ပြစ်မှုမန်နေဂျာများအားလုံးသည် အမျိုးသမီးများဖြစ်သည်။

အထောက်အပံ့ကိုမရရှိသေးပါ။ လူမှုဖူလုံရေးမှ အကြီးတန်းဝန်ထမ်းများ၏ ပြောကြားချက်အရဆိုလျှင် အတည်ပြုချက်သည် ဘက်ဂျက်အခြေအနေအပေါ်တွင် မူတည်၍ အတည်ပြုရန် ကာလမှာ(၆)လအထိ ကြာမြင့်တတ်သည်ဟု သိရှိရသည်။ အတည်ပြုချက်ရရှိရန် လျှောက်တင်ရသည့် လုပ်ငန်းစဉ်အတွင်း ဖြစ်ရပ်စီမံခန့်ခွဲသူ အရာရှိများမှာ အချိန်ပေးဆောင်ရွက်ကြရပြီး ထိုလျှောက်လွှာအား ဆောင်ရွက်ပေးမှု ရှိ/မရှိ မကြာခဏ ဆက်သွယ် မေးမြန်းမှုများပြုလုပ်ကြရသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူ အရာရှိများက မှုခင်းလေ့လာခြင်း နံပါတ်(၁)တွင်ကဲ့သို့ နစ်နာသူများကို ချိတ်ဆက်ပေးခြင်း မရှိပါက နစ်နာသူများသည် ၎င်းတို့ရရှိနိုင်သော ရပိုင်ခွင့်များဖြစ်သည့် ငွေကြေးအထောက်အပံ့များ[7] အကြောင်းကို သိရှိနိုင်မည် မဟုတ်ပါ။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်ပိုင်းဆိုင်ရာဆွေးနွေးပေးခြင်း၊ စောင့်ရှောက်ပေးခြင်းများမရှိခြင်း၊ နစ်နာသူကလေးငယ်များအတွက် ယုံကြည်စိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှု အထောက်အပံ့များမရှိသည့်အပြင် လိုအပ်ပါက ကျန်းမာရေးအထောက်အပံ့ပေးရန် နောက်ဆက်တွဲအခြေအနေကို လေ့လာစောင့်ကြည့်မှုများလဲ လိုအပ်နေသေးကြောင်းတွေ့ရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်ပိုင်းဆိုင်ရာ ဆွေးနွေးပေးခြင်းများ ပြုလုပ်ပေးရန် လိုအပ်သော်လည်း ဖြစ်ရပ်စီမံခန့်ခွဲသူအရာရှိများနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် ပြစ်မှုများကိုအသေးစိတ်လေ့လာခြင်းအရဆိုလျှင် ဝန်ထမ်းများသည် စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးရန်အတွက်လိုအပ်သော ကျွမ်းကျင်မှုများမရှိသည်ကို တွေ့ရသည်။ လေ့ကျင့်သင်ကြားပေးမှုများလည်းမရရှိပေ။ ထို့ကြောင့် ၎င်းတို့၏ကိုယ်ပိုင်အကြံပြုချက်များကိုသာ ပြောကြားပေးနေခြင်းဖြစ်သည်။ **(မှုခင်းလေ့လာခြင်း နံပါတ် ၂ ကို ကြည့်ပါ)**

## နစ်နာသူများ၏ဘဝ လုံခြုံမှုအတွက်ကူညီဆောင်ရွက်ပေးမှုအားနည်းခြင်း၊ သူတို့ဘဝအတွက်ခွဲခြားဆက်ဆံခံရခြင်း၊ ပြစ်ဒဏ်မှ ပြန်လည်လွတ်မြောက်ခဲ့သော တရားခံများ၏ ပြန်လည် လက်စားချေနိုင်သောအခြေအနေမှ ကာကွယ်ပေးရန် နေရာပြန်လည်ချထားပေးရေး ကဲ့သို့ စီမံကိန်းအစီအစဉ်များ ရှိမနေခြင်း။

သက်ငယ်မုဒိမ်းကျူးလွန်ခံရသူများအပေါ် အပြစ်တင်ဝေဖန်မှုများ၊ ခွဲခြားဆက်ဆံခံရမှုများနှင့် ကျောင်းမှထုတ်ပယ်ခံရခြင်း မုဒိမ်းမှုတွင်နစ်နာခဲ့သူများ (အထူးသဖြင့် ကလေးသူငယ်များ အပါအဝင်)သည် ၎င်းတို့အား ပတ်ဝန်းကျင်မှ ခွဲခြားဆက်ဆံခံရခြင်းများကိုကြုံတွေ့ခံစားကြရသည်။ မုဒိမ်းကျင့်ခံရခြင်းမှ ရရှိခဲ့သောအကျိုး သက်ရောက်မှုများအထူးသဖြင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုနှင့် ကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုများကြောင့် ၎င်းတို့သည် ကျောင်းဆက်လက်တက်ရောက်ရန် လက်လျှော့ခဲ့ကြရသည်။ ထို့ပြင်အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်ကြရန်မှာလည်း ငွေကြေးအခက်အခဲများကြောင့်ပြောင်းရွှေ့ရန် မတတ်နိုင်ကြပါ။

## ရဲစခန်းနှင့် တရားရုံးများတွင် နစ်နာသူ ကလေးသူငယ်များနှင့် မသင့်လျော်သော ပြုမူဆက်ဆံခံရမှုများ ကြုံတွေ့ခဲ့ရခြင်း။

ပြစ်မှုမှတ်တမ်းတင်ပြခြင်းများအရ မုဒိမ်းမှုကျူးလွန်ခံရသူ နစ်နာသူကလေးငယ်များမှာ လူပေါင်းများစွာ၏ မေးခွန်းထုတ်မှုများကို ခံစားကြရပြီးတစ်ခါတစ်ရံတွင် ကလေးသူငယ်များ၏အုပ်ထိန်းသူများ မရှိသည့်အချိန်များတွင်လည်း မေးမြန်းစစ်ဆေးခံရခြင်းများကို ကြုံတွေ့ခဲ့ရသည်။ တရားရုံးမှကြားနာစစ်ဆေးခြင်းများတွင်လည်း မုဒိမ်းမှုဖြင့် ကျူးလွန်ခံရသူနစ်နာသူများသည် လူများရှေ့မှောက်၌၊ ပြစ်မှုကျူးလွန်သူ၏ ရှေ့မှောက်၌ ၎င်းတို့အပေါ် သက်ညှာမှုမရှိသော မေးခွန်းများကို မေးမြန်းစစ်ဆေးကြားနာခံကြရသည်။ ထို့ပြင် မုဒိမ်းမှုကျူးလွန်ခံရသူ၏ လိင်အင်္ဂါများ ဒဏ်ရာရရှိမှုများကို မေးမြန်းစစ်ဆေးကြားနာခြင်းဖြစ်စဉ်သည် စုံစမ်းစစ်ဆေးခြင်းများအတွက် သတ်မှတ်ချက်တစ်ရပ်အနေနှင့် လုပ်ဆောင်ပေးသင့်ပါသည်။ သက်ဆိုင်ရာ ရဲစခန်းလုပ်ငန်းစဉ်အရဆိုလျှင် သက်ဆိုင်ရာရဲစခန်း၏ ရဲဝန်ထမ်းများအနေနှင့် ထိုသို့မေးမြန်းစစ်ဆေးရန် လုပ်ပိုင်ခွင့်ရှိကြသည်။ သို့သော်လည်း ရှေ့နေများ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ သက်ဆိုင်ရာဝန်ထမ်းများ၏ပြောကြားချက်များအရဆိုလျှင် လက်တွေ့မေးမြန်းစစ်ဆေးရာတွင် မုဒိမ်းမှု-

[7] ထိုစီမံချက်အသစ်နှင့် ပတ်သတ်သောအချက်အလက်များ တိတိကျကျရရှိရန်ခက်ခဲသည်။ ဝန်ထမ်းတစ်ယောက်နှင့်တစ်ယောက်အဖြေများတွင် ကွဲပြားမှုများရှိနေသည်။ တချို့က ငွေငါးသိန်းထောက်ပံ့ပေးမှုသည် တကယ်မရှိပဲ ၅၀,၀၀၀ သာထောက်ပံ့ပေးပြီး ထိခိုက်နစ်နာမှုများသော အမှုများ ဥပမာ - ထိခိုက်ဒဏ်ရာဆိုးရွားစွာရရှိခြင်း၊ ကိုယ်ဝန်ရရှိခြင်းများ တွင်သာ တစ်သိန်းထောက်ပံ့ပေးသည်ဟုဆိုသည်။

ဖြင့် ကျူးလွန်ခံရသော ကလေးသူငယ်များ၏ လိင်အင်္ဂါများ၊ နာကျင်မှု ရှိ/မရှိကို ကြက်ဖခွပ်ခိုင်းခြင်းပုံစံများနှင့် အခြားအရှက်ရစေသော လုပ်ဆောင်ချက်များလည်း ပြုလုပ်ခိုင်းသည်ဟု လေ့လာတွေ့ရှိရသည်။

## အမှုရင်ဆိုင်ရခြင်းများသည် ငွေကြေးနှင့် စိတ်ပိုင်းဆိုင်ရာအတွက် ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့ရခြင်း။

တရားရုံးသို့ရောက်ရှိသွားသော မုဒိမ်းမှုများသည် (၁၀)လမှ (၁၃)လခန့် ကြာမြင့်ပြီး အကြိမ် (၂၀) မှ (၂၆)ကြား တရားရုံကြားနာမှုများကို ကျော်ဖြတ်ရသည်။ တရားရုံး ကြားနာစစ်ဆေးမှု လုပ်ငန်းစဉ်ကို ပုံမှန်အားဖြင့် ကျော်ဖြတ်ခဲ့ရသည်။ တရားရုံးကြားနာစစ်ဆေးမှုများကို (၁၄)ရက်တစ်ကြိမ် ပြုလုပ်ခဲ့သည်။ ထိုအမှုကြာမြင့်သော တရားရုံးကြားနာစစ်ဆေးမှုလုပ်ငန်းစဉ်များသည် နစ်နာသူနှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦးနှစ်ဖက်စလုံး၏ မိသားစုများအတွက် ဝင်ငွေရရှိရန် အခွင့်အရေးများ ဆုံးရှုံးနေရသည့်အတွက် ငွေရေးကြေးရေးအဆင်မပြေသော မိသားစုများ အတွက် ကြီးမားသောဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။ ထို့ပြင် တရားရုံးသို့ သွားလာရေးစရိတ်သည်လည်း အမြဲတမ်းအတွက် အဆင်မပြေပါ။ ဤအရာများအားလုံးသည် နစ်နာသူများ၏ စိတ်ပိုင်းဆိုင်ရာများနှင့် စိတ်ပျက်အားငယ်မှုများကို ပို၍အချိန်ကြာရှည်စေပါသည်။ တရားခံများအနေနှင့်အလည်း ကြာမြင့်သောတရားရင်ဆိုင်ရမှုကြောင့် ပြစ်ဒဏ်ကိုပိုမိုကြာရှည်စေသည်။ တရားခံလူငယ်များအတွက်လည်း တရားရင်ဆိုင် နေစဉ်အတွင်း နေခဲ့ရသောချုပ်ရက်များကို နောက်ဆုံး ပြစ်ဒဏ်အတွင်းမှ ပြန်လည်ထုတ်နှုတ်ပေးခြင်း မရှိခဲ့ပေ။

## ဥပဒေဆိုင်ရာ အထောက်အကူများသည် နစ်နာသူများလိုအပ်နေသော ဝန်ဆောင်မှုများကို ထိထိရောက်ရောက် ပံပိုးနိုင်ရန်လိုအပ်နေသေးသည်။

ယခုအခါတွင် နစ်နာသူများနှင့်တရားခံ နှစ်ဦးနှစ်ဖက်စလုံးအတွက် အခမဲ့ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ဝန်ဆောင်မှုများ ပေးသောအဖွဲ့အစည်းများ အများအပြား



အမျိုးသမီးနှင့်တရားမျှတမှု ၊ တွေ့ရှိချက်များ၏ အနှစ်ချုပ်

ပေါ်ပေါက်လာပြီးဖြစ်သော်လည်း ဥပဒေဆိုင်ရာ အထောက်အကူများ၊ ဝန်ဆောင်မှုများ အနည်းငယ်သာရရှိခဲ့၍ နစ်နာသူကလေးသူငယ်များနှင့် ၎င်းတို့၏မိသားစု အတွက် အမှန်တကယ် လိုအပ်သော အထောက်အပံ့များကို မရနိုင်ခဲ့ပါ။ မှုခင်းလေ့လာခြင်း နှစ်ခုစလုံးမှ လေ့လာတွေ့ရှိချက်များအပေါ်အခြေပြု၍ ရှေ့နေများသည် ၎င်းတို့ရဲ့ အမှုသည်များအား လိုအပ်သော အချက်အလက်များကို ပြောကြားဆွေးနွေးရန် ကျန်ရှိခဲ့ပြီး ၎င်းတို့အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အခက်အခဲဖြစ်စေခဲ့သည်။ ထို့ပြင်ကြားနာစစ်ဆေးမှုတစ်ခုချင်းစီတွင် ရှေ့နေတစ်ဦးတည်းမဟုတ်သည့်အတွက်တရားလို၊ တရားခံများအနေနှင့် ၎င်းတို့ရဲ့ရှေ့နေများနှင့် ယုံကြည်မှုတည်ဆောက်ရန် အဟန့်အတားတစ်ခုဖြစ်စေပြီး ရင်းနှီးမှုရရှိရန်လည်း အလွန်ခက်ခဲနေခြင်းကို လေ့လာတွေ့ရှိရသည်။

## သက်ငယ်မုဒိမ်းမှုတိုင်းတည်း အမှန်ကတယ် မုဒိမ်းမှုများမဟုတ်ကြပေ။

ထပ်မံတွေ့ဆုံမေးမြန်းမှုများမှ လေ့လာတွေ့ရှိခဲ့သော အချက်များမှာ မုဒိမ်းမှုများသည် ဆယ်ကျော်သက် နှစ်ဦးနှစ်ဖက်ကြားတွင် အလိုတူဖြစ်ပွားပြီးနောက် ထိုကိစ္စကို သဘောမတူနိုင်သော မိန်းကလေးများ၏မိဘများမှ ယောက်ျားလေးများကို မုဒိမ်းမှုနှင့် တရားစွဲဆိုခဲ့ကြခြင်းများဖြစ်သည်။ လူငယ်ပြုပြင်ရေး သင်တန်းကျောင်း၏ ကျောင်းအုပ်နှင့် လူမှုဖူလုံရေး ပြစ်မှုမန်နေဂျာတစ်ယောက်၏ ပြောဆိုချက်အရဆိုလျှင် မုဒိမ်းမှုနှင့် ကျောင်းသို့ရောက်လာသော လူငယ်များနှင့် ယခုလက်ရှိ အမှုရင်ဆိုင်နေရသော လူငယ်ထက်ဝက်ခန့်သည် အမှန်တကယ်အားဖြင့် မုဒိမ်းမှုကျူးလွန်ခဲ့ခြင်းမဟုတ်ဘဲ လူငယ်သဘာဝ ချစ်ကြိုက်မှုများယွင်းခဲ့ကြခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ရာဇသတ်ကြီး ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပြင်ဆင်ပြဋ္ဌာန်းရာ၌ ပုဒ်မ-၃၇၅(မုဒိမ်းမှု) ပဥ္စမပိုဒ်[၈] တွင်ပါရှိသော “၁၄နှစ်” ဆိုသည့်စကားရပ်ကို “၁၆နှစ်” ဟု အစားထိုးပြင်ဆင်ခဲ့ပြီး နောက်ပိုင်း မိဘများမှ(၁၆)နှစ်အောက် သမီးမိန်းကလေးများ ၎င်း၏ချစ်သူရည်းစားနှင့်

[၈] မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည်အသက်ဆယ်ခြောက်နှစ်အောက်အရွယ်ရှိသူဖြစ်ခြင်း။

မှားယွင်းသည်ကို သဘောမတူသောအခါတွင် မုဒိမ်းမှုဖြင့်အမှုဖွင့်တရားစွဲဆိုခဲ့ကြသည်။ ထိုကိစ္စတွင် သက်ဆိုင်ရာနယ်မြေရဲစခန်းများ၊ ဥပဒေအရာရှိများကလည်း ဥပဒေကြောင်းအရ လက်ခံအမှုဖွင့်ကာ ဥပဒေအကြံပေးရသည်။

## သက်ငယ်မုဒိမ်း ပြစ်မှုကျူးလွန်သူများအတွက် ဆွေးနွေးလမ်းညွှန်မှုများ မရှိသည့်အပြင် လူငယ်သင်တန်းကျောင်းများတွင်လည်း လုံခြုံမှုမရှိခဲ့ခြင်း။

တရားရင်ဆိုင်နေချိန် ကာလအတွင်း လူငယ်များကိုထားခဲ့သည့် လူငယ်ပြုပြင်ရေးသင်တန်းကျောင်းမှာ ထိန်းသိမ်းခံထားရသော လူငယ်များအတွက် ဆွေးနွေးလမ်းညွှန်ပေးမှုများ မရရှိခဲ့ပေ။ ထို့ပြင်လမ်းပေါ်ကလေးသူငယ်များ၊ မိဘမဲ့ကလေး သူငယ်များကို ပြစ်မှုနှင့်စွပ်စွဲခံရသည့် ကလေးများနှင့် ခွဲခြားထားရှိသော်လည်း ပြစ်မှုသေးများဖြင့် တရားစွဲဆိုခံရသော ကလေးသူငယ်များကို မူးယစ်ဆေးဝါးမှုများ၊ မုဒိမ်းမှုများ၊ အပြင်းအထန်နာကျင်စေမှုနှင့် လူသတ်မှုကဲ့သို့ကျူးလွန်ခဲ့သော ကလေးသူငယ်များနှင့်အတူ တကွထားရှိခြင်းသည် ကလေးသူငယ်များ၏ ဘဝလုံခြုံရေးအပေါ် သက်ရောက်မှုရှိခဲ့သည်။ ၎င်းပြင် မုဒိမ်းမှုဖြင့် ရောက်ရှိလာခဲ့သော ကလေးသူငယ်များသည် ကျန်ရှိသော ကလေးသူငယ်များ၏ အနိုင်ကျင့်မှုများကို ခံခဲ့ကြရသည်။

# အကြံပြုချက်များ





## ၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဝန်ဆောင်မှုအထောက်အပံ့ပေးခြင်းစနစ်ကိုတိုးချဲ့ ခြင်း မွမ်းမံခြင်းများပြုလုပ်ပေးရန်လိုအပ်ပါကြောင်း။

- လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ပိုမိုထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် ဝန်ထမ်းများအား ပိုမိုကောင်းမွန် ပြည့်စုံသောသင်တန်းများ ပေးရန်လိုအပ်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနတွင် လူအင်အား ငွေအင်အား လုံလောက်မှုမရှိပါ။ လိုအပ်နေသော နည်းပညာပေးနိုင်သည့် အခြားအစိုးရဌာနဆိုင်ရာအဖွဲ့စည်းများ၊ NGO / INGO များနှင့် ဆက်သွယ်ဆောင်ရွက်ရန် အထူးအရေးကြီးပါသည်။
- လူမှုဝန်ထမ်းဦးစီးဌာနသည် နစ်နာသူ ကလေးများအတွက် ကျွမ်းကျင်သူ ပညာရှင်များမှ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများ၊ ဆေးကုသမှုဆက်လက်ခံယူစေခြင်းအပြင် လိုအပ်ပါကပညာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည်နေရာချထားရေးစသည့် ထောက်ပံ့မှုများကိုလည်း ယခုထက်ပို၍ ပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ ကလေးငယ်များအတွက် လမ်းကြောင်းမှန်ပေါ်ရောက်စေသည့် ထိရောက်တဲ့ပံ့ပိုးမှုများလိုအပ်ကြောင်း။
- လူမှုဝန်ထမ်းဦးစီးဌာနမှ မုဒိမ်းမှုကျူးလွန်ခံရသူကလေးငယ်များအတွက် ငွေကြေးထောက်ပံ့မှုအစီအစဉ်ကိုပိုမိုအကျိုးထိရောက်စွာ ဆောင်ရွက်နိုင်ရန်နည်းလမ်းများရှာဖွေရန်လိုအပ်ကြောင်း၊ရုံးပိုင်းဆိုင်ရာကိစ္စများ ရှုပ်ထွေးခက်ခဲခြင်းကိုအောက်ခြေဝန်ထမ်းများအား လုပ်ပိုင်ခွင့်ခွဲဝေခြင်းဖြင့်လုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူစေကြောင်း။ ၎င်းအပြင် နစ်နာသူကလေးများ လိုအပ်နေသည့် သတင်းအချက်အလက်များ ပေးခြင်းဖြင့် အထောက် အပံ့များကို ထိထိရောက်ရောက် ကူညီနိုင်မည်ဖြစ်ကြောင်း။
- နစ်နာသူကလေးများ ကျောင်းထုတ်ခံရသည့်ကိစ္စနှင့်ပတ်သတ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများသို့ အလွယ်တကူတင်ပြနိုင်သည့် နည်းလမ်းတစ်ခုရှိရန်လိုအပ်သည်။ လှိုင်သာယာ၊ တောင်ဒဂုံ၊ ရွှေပြည်သာ စသည့်အချို့မြို့နယ်များတွင်မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ (TCRC) ကိုဖွဲ့စည်းထားပြီးလစဉ်တွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်သည်။ ထိုတွေ့ဆုံပွဲများကိုအရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့်ဆောင်ရွက်သည်။ ထိုသို့တွေ့ဆုံ

ဆွေးနွေးမှုများသည် နစ်နာသူကလေးငယ်များ ကျောင်းထုတ်ခံရသည့်ကိစ္စကို ဖြေရှင်းပေးနိုင်သည့်လမ်းကြောင်းမှန်တစ်ခုဖြစ်သော်လည်း ပညာရေးဝန်ကြီးဌာန အပါအဝင် အချို့သောအစိုးရဌာနများ ထိုအစည်းအဝေးသို့ တက်ရောက်ခြင်း မရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့် အစည်းအဝေးကြီးမှူးကျင်းပသောအရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ထိုအစည်းအဝေးသို့ သက်ဆိုင်ရာဌာနဆိုင်ရာများ အားလုံးပါဝင်လာရန် ကြိုးပမ်းဖို့ လိုအပ်ကြောင်း။

- မုဒိမ်းမှုကျူးလွန်ခံရသည့်ကလေးငယ်များ ဘေးအန္တရာယ်ကင်းစွာ ကျောင်းဆက်တက်နိုင်ရန်အတွက် အထောက်အပံ့များနှင့် လူကြီးမိဘများမှတိုက်တွန်းမှုများ လိုအပ်သည်။ လိုအပ်ပါက ပတ်ဝန်းကျင်အသစ် ကျောင်းအသစ်တစ်ခုတွင် ပညာဆက်လက်သင်ယူနိုင်ရန် ဆောင်ရွက်ပေးသင့်ကြောင်း။
- လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများသည် နစ်နာသူကလေးများကို ကျောင်းထုတ်ပစ်ခြင်း မပြုလုပ်စေရန် ဆရာ/မများအတွက် အသိပညာပေးသင်တန်းများပေးရန် လိုအပ်ကြောင်း။
- ပြစ်မှုကျူးလွန်သူကလေး ပြန်လွတ်လာပြီးနောက် ၎င်းတို့အတွက် ပုံမှန်နှစ်သိမ့်ဆွေးနွေးသည့်အစီအစဉ်များ ဖော်ထုတ်ရန်လိုအပ်ကြောင်း။ ထိုမှသာလျှင် ၎င်း၏တိုးတက်လာမှုအပေါ် စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်ကြောင်း။



## ၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးအဖွဲ့အစည်းများနှင့် ရှေ့နေများသည် ခိုကိုးရာမဲ့ကြုံတွေ့နေသောအမှုသည်များ၏ ဝန်ဆောင်မှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် ၎င်းတို့ ဝန်ဆောင်မှုများနှင့် ကျင့်ဝတ်များကို ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း။

- ရှေ့နေများအနေဖြင့် နစ်နာသူကလေးငယ်ကဲ့သို့ ခိုကိုးရာမဲ့နေသောအမှုသည်များကိုအပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများ ယခုထက်ပို၍ လုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။ (ဥပမာ - ၎င်းတို့ **အမှုသည်များကို အချိန်ပေးပြီး ဆွေးနွေးပေးခြင်း၊ ယုံကြည်မှု တည်ဆောက်ပေးခြင်း)**
- ရှေ့နေများသည် ၎င်းတို့၏အမှုသည်များကို ဥပဒေဆိုင်ရာတိုင်ပင် ဆွေးနွေးပေးခြင်း၊ ဥပဒေအရရွေးချယ်နိုင် သောနည်းလမ်းများနှင့် တရားဥပဒေအရဆောင်ရွက်ခြင်းတို့ဖြင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ရှင်းပြရန် လိုအပ်ပါသည်။
- ဥပဒေဆိုင်ရာ အထောက်အကူပေး အဖွဲ့အစည်းများအနေဖြင့် အမှုတစ်ခုကို ရှေ့နေတစ်ဦးသာ သတ်သတ်မှတ် မှတ်ထားပေးသင့်သည်။ သို့မှသာလျှင်အမှုသည်နှင့်ရှေ့နေအကြား လုံလောက်သော ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်နိုင်၍ အမှုအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။
- ဥပဒေဆိုင်ရာအထောက်အကူပြု အဖွဲ့စည်းများအနေဖြင့် ၎င်းတို့၏ဝန်ဆောင်မှုများအတွက် ပုံမှန်လေ့လာစောင့်ကြည့်အကဲဖြတ်ခြင်းများ လုပ်ဆောင်သင့်သည်။ **(ဥပမာ - ပြန်လည်သုံးသပ်သည့် အစည်းအဝေးများ ပုံမှန်ပြုလုပ်ပေးခြင်းနှင့်** ရှေ့နေများ၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ညွှန်ကြားပေးခြင်းများစသည်ဖြင့်)





## ၃။ တာဝန်ရှိ ရဲဝန်ထမ်းများ၊ တရားရုံးများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် နစ်နာသူ ကလေးသူငယ်များနှင့် ပြောဆို ဆက်ဆံသည့် လုပ်ငန်းစဉ်တစ်ရပ် တိုးတက်လာရန် လိုအပ်နေသကဲ့သို့ စောင့်ကြည့် လေ့လာပေးရန်လည်း အထူး လိုအပ်နေပါကြောင်း၊ ထိုလုပ်ငန်းစဉ်များသည် ကလေးသူငယ်ဥပဒေ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မှုများ မဖြစ်စေရန် အလွန်အရေးကြီးကြောင်း။

- ကလေးသူငယ်များ ဘေးကင်းလုံခြုံမှုတိုးမြှင့်ပေးရန်နှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုများ ပိုမိုဆိုးရွားမှုများ မဖြစ်စေရန် တရားစီရင်ရေး၏ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန်လိုအပ်ပါသည်။ (နစ်နာသူကလေး သူငယ်များအား

၎င်း၏လုံခြုံရေးကို ထိခိုက်စေခြင်းမှရှောင်ကြဉ်ရန်အတွက် အများပြည်သူအရှေ့တွင်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူရှေ့တွင်လည်းကောင်းမေးမြန်းစစ်ဆေးမှုများ အကြိမ်ကြိမ်မပြုလုပ်သင့်ကြောင်း၊ ၎င်းအပြင်ကလေးသူငယ်များစိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများမှ အကာအကွယ်ပေးနိုင်ရန်အတွက် ဖြစ်ခဲ့သောကိစ္စများကို တစ်ဦးပြီးတစ်ဦး အကြိမ်ကြိမ်အခါခါမေးမြန်းစစ်ဆေးခြင်းအတွက် ရှောင်ကြဉ်သင့်ကြောင်း။)

## ၄။ တာဝန်ရှိရဲဝန်ထမ်းများ၊ဥပဒေအရာရှိများ၊ ရှေ့နေများနှင့် ပြစ်မှုမန်နေဂျာများ၊ ပညာရေးဝန်ကြီးဌာန၊ ဆရာ/ဆရာမများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများအတွက် အကြံပြုချက်

- ဆယ်ကျော်သက် ကလေးသူငယ်များ ခိုးရာလိုက်ပြေးသည့် အမှုများကို သက်ငယ်မုဒိမ်းမှုအဖြစ် အမှုဖွင့်တရားစွဲသည့်ကိစ္စများကိုလည်း ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း၊ တာဝန်ရှိရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှုအရာရှိ (Case Manager) များသည် မိဘအုပ်ထိန်းသူများအား ထိုအမှုများကိုသက်ငယ်မုဒိမ်းမှုအဖြစ် တရားစွဲဆိုအပြစ်ပေးရန် အကြံပြုခြင်း၊ အကူအညီပေးခြင်းများ မပြုလုပ်သင့်ကြောင်း။
- လူမှုအသိုင်းအဝိုင်းနှင့် ကျောင်းများမှ ဆရာ/မများသည် ဆယ်ကျော်သက်ကလေးများအား အသက် (၁၆) နှစ် အောက် မိန်းကလေးများနှင့် လိင်ဆက်ဆံခြင်းသည် မုဒိမ်းမှုမြောက်ကြောင်းကို အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးသင့်ကြောင်း။
- လိင်ပိုင်းဆိုင်ရာပညာပေးခြင်းများဖြစ်သော ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုများနှင့် မျိုးဆက်ပွားကျန်းမာရေး၊ ကူးဆက်တတ်သော ရောဂါများအကြောင်းကို ကျောင်းထဲမှာ အသိပညာပေးဟောပြောပွဲများ လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ တရားစွဲဆို အပြစ်ပေးခြင်းသည် တစ်ခုတည်းသောဖြေရှင်းရန် နည်းလမ်းမဟုတ်ကြောင်း။။





- ၂၀၁၆ ခုနှစ် ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေအရ ပုဒ်မ-၃၇၅(မုဒိမ်းမှု)ပဥ္စမပိုဒ်၌ အသက်အရွယ် ပြင်ဆင်သတ်မှတ်ခြင်း၏ အကျိုးသက်ရောက်မှုများကို သုတေသနပြုသွားလုပ်ရန် လိုအပ်ကြောင်း၊ မည်သည့်အရွယ် ယောကျ်ားလေးဖြစ်စေကာမူ (၁၆)နှစ်အောက် မိန်းကလေးများနှင့် နှစ်ဦးသဘောတူ လိင်ဆက်ဆံမှုများသည် မုဒိမ်းမှုမြောက်သည်ဟု ပြဋ္ဌာန်းခြင်းအားဖြင့် မိန်းကလေး၏ မိဘများက သဘောမတူသည့်အခါ တစ်ဖက်သား ကလေးသူငယ်အပေါ် ရာဇဝတ်မှုဖြင့် တရားစွဲဆိုနိုင်သည့် အခွင့်အလမ်းရစေသည်။

MyJustice

European Union

BRITISH COUNCIL


**ကြေငြာချက်**

ယခုစာတမ်းတွင် ပါဝင်သော အချက်အလက် အမြင်များသည် ရေးသားပြုစုသူ၏ အမြင်များသာဖြစ်သည်။ ဥရောပသမဂ္ဂ၊ ဗြိတိသျှကောင်စီနှင့် MyJustice စီမံကိန်းတို့၏ ထင်မြင်ယူဆချက်များ လုံးဝမဟုတ်ပါ။